ပန်းထားစား
ဆေးတက္ကသိုလ်

# အဲဒီနေ့က ကောင်းကင်မှာ ပန်းတွေပွင့်တယ်

GRAPHIC DESIGN
THEIN SHWE KYI

# အဲဒီ နေ့က ကောင်းကင်မှာ
# ပန်းတွေပွင့်တယ်

အမှတ်တရမှတ်တမ်း

ကမ္ဘာပေါ်မှာ

သားသမီးအပေါ်

နားလည်နိုင်စွမ်းအရှိဆုံးသော

အမေနှင့်အမေ ...၊

ဘဝရဲ့အဓိပ္ပာယ်တွေကို

ပိုပြီးလေးနက်လှပ

ပြည့်စုံလာစေခဲ့တဲ့

ဘဝအဖော်မွန် မောင်နဲ့သမီးလေးကို

အမှတ်တရမှတ်တမ်းတင်လျှက် ...၊

**လွန်းထားထား (ဆေးတက္ကသိုလ်)**

"အောင်မြင်မှုဟာ ...

အကောင်းဆုံးလက်စားချေခြင်းလို့

သိခွင့်ရလိုက်ပြီးတဲ့နောက်မှာ ... လူတစ်ယောက်ကို

လက်စားချေနိုင်ဖို့အတွက် ...

ကျွန်တော်အောင်မြင်အောင် လုပ်မယ်ဆိုတဲ့အသိ

ကျွန်တော့်ရင်ဘတ်ထဲမှာ တံဆိပ်တစ်ခုလို

ခတ်နှိပ်ထားခဲ့တာပါ ...."

**တံခွန်တိုင်စာပေ**

အကဲဖြတ်ဒိုင်အဖွဲ့တွေကိုယ်တိုင်ပင်

သူတို့အဖွဲ့လေးကိုလက်ခုပ်တီး

အားပေးနေကြခြင်းဖြစ်သည်။

ခန်းမထဲရှိ ပရိသတ်၏ လက်ခုပ်သံတွေက

တော်တော်နှင့်စဲမသွားခဲ့ ..။

သူ့တစ်ကိုယ်လုံး ... ကြက်သီးမွေးညင်းတွေ

စိမ့်ဖြာထလာသည်အထိ

စိတ်လှုပ်ရှားလွန်းရသည်။

ဒါဟာသူတို့အဖွဲ့ကလေးရဲ့

ပထမဆုံးသော အိမ်မက်လေ ...

**တံခွန်တိုင်စာပေ**

* *

# အခန်း(၁)

“မင်းရဲ့အိပ်မက်ကို ... ပြောပါဦး”

သူမ၏ အသံသည် သူမ၏ မျက်နှာကလေးလိုပင် မာဆတ်ဆတ် သြချိုချိုကလေးဖြစ်သည်။ သူမ၏ မျက်နှာကလေးပေါ်မှာ အောင်မြင်ကျော်ကြားသူတစ်ယောက်၏ အရှိန်အဝါက လင်းလက်ဖြာကျလျက်ရှိသည်။ သူမက လက်ရှိဂီတလောကမှာ ထိပ်ဆုံးနေရာမှာရှိနေသော ငွေကြယ်ပွင့်ကလေးတစ်ပွင့်။ “Dream World” အဆိုပြိုင်ပွဲ၏ အကဲဖြတ်ဒိုင် “Judge” တစ်ယောက် ....။ သူမ၏ မျက်နှာပေါ်မှာ စူးရှတောက်ပသောထက်သန်မှုတစ်မျိုးနှင့် မျက်လုံးများစူးရှဖြာ လက်လွန်းသည်။ သူမလှမ်းကြည့်သော မျက်ဝန်းများထဲမှာ ရောင်စဉ်တန်းတစ်မျိုး ဖြာထွက်နေသလို။ စင်ပေါ်မှာ သူနှင့်အတူ သူ့ငယ်ချင်းသုံးယောက်သား၏ ရင်ခုန်သံနရီစည်းချက်တွေက မြင်းတွေဒုန်းစိုင်းနေသလိုပင် ခုန်ပေါက်ဆူညံလွန်းနေသည် ...။

“ကျွန်တော်တို့အဖွဲ့ရဲ့အိပ်မက်က ... ပရိသတ်ရဲ့နှလုံးသားတွေထဲအထိ ထိုးဖောက်စီးဝင်ချင်လို့ပါ ...၊ ဒါကြောင့် အဖွဲ့ရဲ့နာမည်ကို “The River” လို့ပေးထားတာပါ”

သူ့အသံက တက်ကြွထက်သန်မှုဖြင့် ဖျတ်လတ်လွန်းနေသည်။ သူမက ... ပြုံးတယ်ဆိုရုံကလေး နှုတ်ခမ်းကလေးတွန့်ကာ ပြုံးလိုက်တာကိုသူမြင်ရသည်။ တကယ်ဆိုရင် သူမ၏ အသက်ဟာ အလွန်ဆုံးရှိမှ သူတို့နှင့်ရွယ်တူ ... ဆယ့်ရှစ်ဆယ့်ကိုးပတ်လည်ပေါ့။ သူမလျှမ်းလျှမ်းတောက် အောင်မြင်ချိန်က နှစ်နှစ်ကျော်ကျော် သုံးနှစ်နီးပါးပဲရှိသေးသည်။ ရွယ်တူဆိုပေမယ့်လည်း ... သူမ၏ ပတ်ပတ်လည်မှာ အောင်မြင်မှုဆိုသော တံတိုင်းကြီးက ခပ်မြင့်မြင့်ကာချထားသဖြင့်

သူတို့ကတော့မော့၍ ကြည့်နေရသလိုပင်။

“မင်းတို့အဖွဲ့ Dream World ပြိုင်ပွဲမှာနိုင်မယ်လို့ မျှော်လင့်ထားသလား …”

ဒီမေးခွန်းကို ဒုတိယအကဲဖြတ်ဒိုင်ဖြစ်သော နာမည်ကြီးအဆိုတော် “ကိုဝိုင်ချို”ကလှမ်းမေး လိုက်ခြင်းဖြစ်သည် …။ ဒီတစ်ခါတော့ သူမဖြေဘဲ သူ့သူငယ်ချင်း“ပီတိ”ကိုအလှည့်ပေးလိုက်သည်။ ပီတိက သူ့ကိုယ်သူ ယုံကြည်မှုရှိသလောက် ဂီတအပေါ်မှာ အသက်လိုငြိတွယ်သူမို့ …

“ဟုတ်ကဲ့ … ကျွန်တော်တို့ မျှော်လင့်ထားပါတယ်။ အဲဒါကျွန်တော်တို့ရဲ့ပန်းတိုင်ပါ”

ဟုဖြေလိုက်သည်။ တတိယဒိုင်က အဆိုတော် မိန်းကလေးတစ်ယောက်ဖြစ်သည်။ သူမက ..

“မင်းတို့အဖွဲ့လေးနဲ့မိတ်ဆက်ပေးပါဦး …”

ဟုဆိုသဖြင့် … ‘တေးသီ’ The River အဖွဲ့ကလေးကို မိတ်ဆက်ပေးလိုက်သည် …။

“ကျွန်တော်တို့လေးယောက်က သူငယ်ချင်းတွေဆိုလည်း ဟုတ်တယ်၊ ညီအစ်ကိုတွေဆိုလည်း မမှားဘူး …၊ အိပ်မက်တစ်ခုတည်းကို မျှဝေပြီးမက်နေကြတဲ့ သွေးသောက်ရဲမက်တွေပါ၊ ကျွန်တော်က တေးသီ … သူကပီတိ … သူကလင်္ကာဒီပတဲ့၊ ဟိုတစ်ယောက်က နရီပါ … ”

“ဟား … နာမည်တွေကလည်း ဂီတနဲ့မကင်းကြပါလား …၊ မင်းတို့အဖွဲ့ကလေးက ရုပ်ပါတွေလည်းအလန်းစားဆိုတော့ မိန်းကလေးပရိသတ်နဲ့ နှလုံးသားကိုတော့ဆွဲကိုင်လှုပ်ရမ်းနိုင်ဦးမှာပေါ့ …. ကဲ …. အသံလေးတွေနားထောင်တယ်ကွာ၊ ကဲ … လုပ်ပါဦး မင်းတို့ဆိုမယ့်သီချင်းက …”

"One Direction အဖွဲ့ရဲ့ "What makes you beautiful ..."ဆိုပါမယ်"

"အိုကေ ... နားထောင်မယ်ဗျား ..."

သူတို့အဖွဲ့သီချင်းကို ခပ်မြူးမြူးသွက်သွက်ကလေး စဆိုသည် ...။ သူ့မျက်ဝန်းတွေက မထင်မှတ်ဘဲ သူမဆီသို့ရောက်ရှိသွားခဲ့သည်။ သီချင်းကိုစျာန်ဝင်စားပြီး လိုက်ပါခံစား နားထောင်နေဟန်ရှိသော သူမ၏ မျက်နှာလေးက သူ့ရင်ထဲသို့လျှပ်နွယ်လို ပြိုးပြက်ဝင်းလက်စွာ လင်းချင်းစူးရှစွာဝင်ရောက်လာသည်။ အဲဒီ ညို့မျက်ဝန်းတွေကြောင့်ပဲ ... သူမကျော်ကြားလွန်းတာ။ နာမည်ကိုက ... "လေးညို့ရှင်"တဲ့။ သူမဆွဲညို့ပစ်တင်လိုက်တဲ့မြားဟာ ... ယောက်ျားတွေ တော်တော်များများရဲ့ နှလုံးသားတွေထိ စူးရှစိုက်ဝင်လေ့ရှိသတဲ့။ အဲဒီ လို သူကြားဖူးနေခြင်းဖြစ်သည်။ ခုချိန်ထိ သူမကိုသိမ်းပိုက်ပိုင်ဆိုင်ခွင့်ရသော ချစ်သူရယ်လို့ မရှိသေးတာကိုက ... သူမရဲ့အောင်မြင်မှုပဲလားမသိပါ။ သူ့အတွေးတွေမဆုံးခင် သီချင်းကတော့ ဆုံးသွားခဲ့ပြီ။ လက်ခုပ်သံတွေ ဆူဆူညံညံကြားခွင့်ရလိုက်သဖြင့် သူတစ်ကိုယ်လုံး လေဟာနယ်ထဲ မြောက်တက်လွင့်စင်သွားသလိုပင် ခံစားလိုက်ရပါသည်။ အကဲဖြတ်ဒိုင်အဖွဲ့တွေ ကိုယ်တိုင်ပင် သူ့တို့အဖွဲ့လေးကို လက်ခုပ်တီးအားပေးနေကြခြင်းဖြစ်သည်။ ခန်းမထဲရှိပရိသတ်၏ လက်ခုပ်သံတွေက တော်တော်နှင့်စဲမသွားခဲ့ ...။ သူ့တစ်ကိုယ်လုံး .. ကြက်သီးမွေးညင်းတွေ စိမ့်ဖြာထလာသည်အထိ စိတ်လှုပ်ရှားလွန်းရသည်။ ဒါဟာ သူတို့အဖွဲ့ကလေးရဲ့ ပထမဆုံးသော အိပ်မက်လေ ...။

လက်လုပ်သံတွေစဲသွားချိန်မှာ ... သူမထံမှ မှတ်ချက်ပေးသံကလေး စတင်ထွက်ပေါ်လာခဲ့သည်။

"ပထမဆုံးပြောချင်တာက ကျွန်မတို့ကြယ်အစုအဝေးတစ်စုကို ... မမျှော်လင့်ဘဲ ရှာတွေ့လိုက်ရတယ်ဆိုတာပါပဲ ... တစ်ခုတော့ပြောချင်တယ်၊ "One Direction"အဖွဲ့ကို အားကျလို့ရပါတယ်၊ တုတော့မတုပပါနဲ့၊ ရှင်တို့မှာ

ကိုယ်ပိုင်ဟန်ရှိပါတယ်၊ The River ပဲဖြစ်ပါစေ …”

သူမ၏ မှတ်ချက်က တကယ်ပဲ ပြတ်သားလှပါသည်။ ကျန်တဲ့ Judges သုံးယောက်၏ မှတ်ချက်တွေက သူ့ရင်ထဲသို့မတိုးတော့ …။ သူမပြောတာမမှားပါ။ One Direction အဖွဲ့၏ စန်းနှင့်အောင်မြင်မှုကို သူတို့အားကျတပ်မက်မိသည် …။ သူ့အဖွဲ့မို့ဆိုလိုက်လျှင် ဆိုသမျှ သီချင်းတိုင်းက One Direction အဖွဲ့ထဲကမထွက်နိုင်။ သူတို့က One D Crazy တွေကိုး …။

“ကဲ … လေးညို့ … Vote လုပ်ပါဦး”

“100% Yes …”

သူမအပါအဝင် ဒိုင်အဖွဲ့လေးယောက်စလုံး၏ Yes လေးခုစလုံးဖြင့် သူတို့အဖွဲ့ကလေး နောက်တစ်ဆင့်သို့တက်သွားခဲ့ပါသည်။ သူတို့လေးယောက်သား … ခုန်ပေါက်ပျော်ရွှင်စွာဖြင့် ပြိုင်ပွဲခန်းမထဲက ထွက်လာတော့ … အပြင်မှာစိတ်လှုပ်ရှားခြင်းများစွာဖြင့် စောင့်နေသူကလေးက သူတို့ရဲ့အချစ်ဆုံး တစ်ဦးတည်းသော မိန်းကလေးသူငယ်ချင်းလေး … “သဒ္ဒါမိုးစွေ”။

“ဘယ်လိုလဲ … ဘယ်လိုလဲဟင် … ”

ဟုအဖြေကို သိချင်ပြင်းပြစွာ ခုန်ဆွဆွလေးမေးနေသော မိုးစွေ၏ ဆံနွယ်တွေကို သူတစ်ချက်ဆွဲဖွပစ်လိုက်ကာ …

“YES! …. FOUR YESES … ˝

ဟုအော်လိုက်သည်။ သူမက HEY! ဟု ကလေးတစ်ယောက်လို ဝမ်းသာအားရခုန်ပေါက် ပျော်ရွှင်နေတော့သည်။

“ပထမအဆင့်တော့ အောင်မြင်သွားပြီပေါ့ …၊ ငါ့တယ်ရင်းလေးတွေ ပင်ပန်းသွားကြပြီ၊ ဝါးတီးသွားဆွဲကြစို့ … နင်တို့ကိုငါကျွေးပါ့မယ်”

“အဲဒါအကောင်းဆုံးအစီအစဉ်ပဲ … သိပ်လိမ္မာတဲ့ ငါ့သူငယ်ချင်းလေး

...”

သူတို့ငါးယောက်သား ထိုင်နေကျကော်ဖီဘားကလေးဆီသို့ ရွှေ့ခဲ့ကြလေသည် ...။ သူ့ရင်ထဲရှိ ရှိန်းမြမြနွေးအုံအုံခံစားမှုက တော်တော်နှင့်ပြယ်မသွားနိုင်ခဲ့။

“လေးညို့ရှင်က အရမ်းမိုက်တယ်ကွာ ... လှတာထက်ဆွဲဆောင်မှုရှိလွန်းတာ၊ ရေရေလည်လည်ကိုလန်းတာ၊ သူ့အကြည့်တစ်ချက် ငါ့ဆီရောက်လာတိုင်း ရင်ထဲဒိုင်းခနဲပဲ ဖြောင်းဆန်သွားတာ၊ သူနဲ့သာချစ်သူဖြစ်ရမယ်ဆိုရင် ငါတကယ်သေလို့ရတယ်ကွာ ... တကယ်ပြောတာ”

“နရီကတော့ ဇာတ်လမ်းစပြီ ...၊ နင်ဟာလေ တန်ရာတန်ရာမှန်းပါဟယ်၊ ဟိုကစင်ပေါ်မှာ ထိပ်ဆုံးနေရာကလူ၊ နင့်လိုဘာမှမဟုတ်တဲ့ သာမညောင်ညပေမွှားလေးကို စိတ်ကူးထဲမပြောနဲ့ ... အိပ်မက်တောင်လှည့်မပေါက်ဘူး ... သိလား၊ စိတ်ကူးတွေသိပ်ယဉ်မနေနဲ့”

သဒ္ဒါမိုးစွေ၏ စကားတွေက သူ့ရင်သို့တည့်တည့်မှန်သွားခဲ့သည်။ ...။ မိုးဆွေ ပြောလိုက်တာကတော့ နရီ့ကိုဆိုပေမယ့် သူကိုယ်တိုင်လည်း လေးညို့ရှင်၏ ညို့မြှားတစ်စင်း စိုက်ဝင်ခံခဲ့ရတာ ကို သူကိုယ်တိုင်ကလွဲပြီး ဘယသူမှမသိနိုင်းဘူးမဟုတ်လား။

“ဟာ ... ငမိုးစွေ နင်ဘယ်လိုမိန်းကလေးလဲ ... ဟမ်၊ ငါ့ကိုများ ပြောလိုက်တာ ရက်ရက်စက်စက်၊ သာမညောင်ည ပေမွှားလေးတဲ့...၊ ငါတစ်နေ့ ဘာဖြစ်မယ်ဆိုတာ နင်သိနိုင်လို့လား ... ဟမ်၊ ငါတို့ရဲ့ The River အဖွဲ့ကလေးကလည်း တစ်ချိန်မှာ လျှမ်းလျှမ်းတောက် အောင်မြင်မနေဘူးလို့ ဘယ်သူငြင်းမလဲ၊ နင်ဟာလေ ... လုပ်နေတော့ သီချင်းရေးတဲ့ Composer ... နှလုံးသားကကျတော့ တစ်စက်ကလေးမှ အနုပညာမမြောက်တဲ့ဟာမလေး ...”

နရီနှင့်မိုးစွေတို့ စကားစစ်ပွဲခင်းကျင်းနေတာကို သူပြုံး၍

ငေးကြည့်နေမိသည် ...။ လေးညို့ရှင်နှင့် မျက်နှာချင်းဆိုင်ဆုံပြီး ... အပြန်အလှန်စကားဆိုမိချိန်မှာ ... သူ့ကိုယ်သူဘာဖြစ်သွားလိုက်မှန်းပင်မသိလိုက်။ တကယ်ပဲ အညို့ခံလိုက်ရသလိုလို ...။ တိမ်တွေဆီပဲ မျောလွင့်သွားခဲ့သလိုလို ...။ လူကအိမ်မက်ထဲမှာပဲ လမ်းထလျှောက်နေမိသလိုလို ...။

"မဟုတ်ပါဘူး ... ငါက နင်တို့ယောကျ်ားလေးတွေရဲ့ စိတ်ကူးစိတ်သန်းကို မကြိုက်တာအဲဒါ။ မိန်းကလေးတစ်ယောက် အပြစ်ဆိုစရာမရှိအောင်သိပ်လှနေမယ် ... ပစ္စည်းဥစ္စာ အဆင့်အတန်း ပြည့်စုံကြွယ်ဝနေမယ်ဆိုရင် ... ကိုယ်နဲ့တန်၏ မတန်၏ သင့်၏ မသင့်၏ မစဉ်းစားတော့ဘဲ အတင်းကာရောကို ပြစ်မှားတတ်ကြတာကို ကြည့်လို့မရတာ၊ အချို့ယောကျ်ားလေးတွေ ပိုဆိုးသေး၊ ကိုယ်မအောင်မြင်တော့ အောင်မြင်ကျော်ကြားပြီးသား မိန်းကလေးကို ဇွတ်လိုက်ပြီး သူ့အရှိန်အဝါနဲ့ ကျော်ဇောမှုကို မျှဝေစားသုံးချင်သေးတာ ... အဲဒါယောကျ်ားကောင်းမဟုတ်တော့ဘူး ..."

သူမိုးစွေကို အလန့်တကြား လှည့်ကြည့်မိလိုက်သည်။ မိုးစွေ၏ စကားက သူ့နှလုံးသားကို သွေးစိမ်းရှင်ရှင် ပြန်ထွက်လာစေသည့်အထိ ဆတ်ဆတ်ခါနာကျင်သွားစေခဲ့သည်။ မိုးစွေသည် သူ့ဘဝအစိတ်အပိုင်း တော်တော်များများကို သိထားပြီးသားဖြစ်သည်။ သူမဘာကြောင့်များ ဒီနေ့မှ သူ့ဘဝကိုထိခတ်စေသောစကားမျိုးတွေ အမှတ်တမဲ့ဟန်နှင့် လျှောက်ပြောနေခဲ့တာပါလိမ့် ...။

"တော်ပြီဟာ ... မိုးစွေ၊ နင်နဲ့ဆက်ပြီးစကားမပြောတော့ဘူး၊ ခဏနေရင် ဖိုက်တင်ပလေးရတော့မယ်၊ နင်တို့မိန်းကလေးတွေဟာ လွယ်ကိုမလွယ်ဘူး"

သူတို့အားလုံး ပြိုင်ဘီးကလေးတွေပေါ် ကိုယ်စီတက်လိုက်ကြစဉ် ... မိုးစွေ၏ အကြည့်တစ်ချက် သူ့ထံသို့စူးခနဲရောက်လာခဲ့သည်။ ပြီးတော့ အားနာပါနာ အပြုံးဖွဖွကလေးနှင့် သူ့ကိုလှမ်းပြောလိုက်သည်။

“ဆောရီးနော်….လက်ာ၊ ငါ နင့် အဖေကို ရည်ရွယ်ပြီး ပြောတာလုံဝ မဟုတ်ဘူး၊ ဒီကောင်နရီ့ ကိုပဲ အမြင်ကတ်ကတ်နဲ့ ထိုးနှက်ချင်လို့ ပြောလိုက်တာ….”

“I don’t mind …”

သူခပ်ပေ့ါပေ့ါဟန်ကလေးနှင့် ပြန်ပြောလိုက်ရပေမယ့် ရင်ထဲမှာတော့ ကျဉ်ရှရှ မျက်တက်တက် …။ ဟုတ်တယ်လေ … လူတစ်ယောက်ရဲ့ရာဇဝင်ဆိုတာ သူကိုယ်တိုင်မရေးဘဲ တခြားလူတွေက ထင်မြင်သလို ဖတ်လို့ရတာ မှမဟုတ်တာ …။ သူ့အဖေရေးထားတဲ့အတိုင်းသာ ပတ်ဝန်းကျင်ကလူတွေ ဖတ်ခွင့်ရတာ လေ။ အဲ့ဒီအတွက် … ဖတ်တဲ့သူကိုအပြစ်ဖွဲ့လို့မရ။ သူ့အဖေရဲ့သမိုင်းက သူ့အဖေရဲ့သမိုင်းက သူ့ရဲ့ပစ္စုပ္ပန်လည်းဖြစ်နေ … အနာဂတ်လည်းဖြစ်နေတာကိုပဲ သူနာကျင်နေရခြင်းဖြစ်သည်။ အဲဒါကြောင့်လည်း အဖေ့ကို သူခွင့်မလွှတ်နိုင်တာ … နာကြည်းနေတာ … ဒီလောကမှာ လူလက်စားချေဖို့ လူတစ်ယောက်ပဲရှိသည်။ အဲ့ဒါ … သူ့အဖေဆိုသော လူတစ်ယောက်ပါပဲ။ “အောင်မြင်မှုဟာ အကောင်းဆုံးလက်စားချေခြင်းလို့ သိခွင့်ရလိုက်ပြီးတဲ့နောက်မှာ လူတစ်ယောက်ကို လက်စားချေနိုင်ဖို့အတွက် “သူအောင်မြင်အောင်လုပ်မယ် …” ဆိုတဲ့အသိ သူ့ရင်ဘတ်ထဲမှာ တံဆိပ်တစ်ခုလို ခပ်နှိပ်ထားခဲ့တာပါ …။

* *

သူပြန်အလာကိုစောင့်မျှော်ရင်း သူ့ရင်ထဲကပျော်ရွှင်မှု၊ ကြွေကွဲမှုတွေ၏ အတိမ်အနက်ကို … လှေကားပေါ်တက်လာသော သူ့ရဲ့ခြေသံများကိုနားထောင်ပြီး သရုပ်ခွဲတတ်သူဆို၍ ဤလောကအလယ်တွင် မေမေတစ်ဦးတည်းသာ ရှိနိုင်ပါလိမ့်မည်။ သူ့ခြေသံများ တက်ကြွသွက်လက်နေကာ ခပ်သွက်သွက် အပြေးတက်မိပြီဆိုရင်တော့ … သူ့မှာပျော်ရွှင်စရာ သတင်းစကားတစ်ခွန်း

ပါလာခဲ့ပြီဆိုကာ ကြိုတင်မှန်းဆနိုင်နေသောမေမေက တံခါးကို အဆင်သင့်ဖွင့်ကာ ကြိုနေလေသည်။

“ဘာတဲ့လဲ … မေ့သားလေး”

“ပထမအဆင့်တော့ အောင်ခဲ့ပြီမေမေ၊ Judges လေးယောက်စလုံးရဲ့ YES လေးခုနဲ့ …”

“အိုး … မေ့မေ့သားလေး၊ မေမေ့မှာ ငါ့သားတို့ကို မေတ္တာပို့ဆုတောင်းပေးနေတာ၊ စက်တောင်မချုပ်နိုင်ဘူး …”

မေမေ့စက်ခုံပေါ်မှာ ချုပ်လက်စအကျႌတွေ အပုံလိုက်တန်းလန်း …။ မေမေ့လက်ရာ ချုပ်ရိုးချုပ်သားတွေနဲ့ ပုံစံဒီဇိုင်းက သပ်ရပ်လှပလွန်းသဖြင့် မေမေ့ဆီမှာလာချုပ်ကြသော ဖောက်သည်တွေ များပြားလွန်းလှသဖြင့် … မေမေ့ခမျာ တစ်နေ့တစ်နေ့စက်ခုံကနေ မထနိုင်ရှာအားပါ။ လက်ချုပ်လိုက်ဖို့ အကူမိန်းကလေးကလွဲပြီး ကိုင်တိုင်းတာကအစ … ဒီဇိုင်းတွင် ဖြတ်ညှပ်ကိုက်တာအလယ် … ချုပ်ပြီးသည့်အဆုံး မေမေတစ်ယောက်တည်းသာ ဒိုင်ခံ ဂျင်ခြေ လည်နေတော့သည်။ မေမေ့ကို ဖေဖေစွန့်ထားခဲ့ချိန်မှာ သူနှစ်နှစ်သားအရွယ်ပဲ ရှိသေးသည်။ ဆယ့်ခြောက်နှစ်လုံးလုံး မေမေသည်ဒီစက်ချုပ်ခြင်းအလုပ်နှင့်ပဲ အသက်မွေးဝမ်းကျောင်း ပြုခဲ့ကာ သူ့ကိုရှာဖွေကျွေးမွေး ပညာသင်ပေးခဲ့ခြင်းဖြစ်သည်။ အဲ့ဒီ ကျေးဇူးတွေကို သူပြန်ဆပ်ခွင့်ရချင်လှပြီ။

မေမေ့သိတယ်၊ ငါ့သားလေး အောင်ကိုအောင်မြင်မှာ၊ အဲ့ဒါမိခင်တစ်ယောက်ရဲ့ အလိုလိုခံစားမိတဲ့ ဆဋ္ဌမအာရုံပဲ၊ ငါ့သားမျက်နှာပေါ်မှာ အောင်မြင်ထင်ရှားတဲ့ သူတွေမှာရှိတတ်တဲ့ လင်းထင်းတောက်ပနေတဲ့ အရောင်အဝါတစ်မျိုးရှိတယ်၊ ကိုယ့်သားမို့ မြှောက်ပြောနေတာ မဟုတ်ဘူး …၊ မေမေ့သားက လူချောကလေး၊ ရုပ်ကလေးက ကြည်စင်ဝင်းလက်နေတာပဲ … အဲ့ဒီ

ရုပ်မျိုးပေါ့ အောင်မြင်ကျော်ကြားတဲ့ Celebrity ရုပ်မျိုး”

“ဟားဟား ဟား … ငါ့အမေ ရေရေလည်လည်ကိုမြှောက်တယ်ကွာ၊ သားအမိချင်း ရှက်စရာကြီးဗျာ၊ ကဲ … သားရဲ့အောင်မြင်မှုအတွက် မေမေ့အတွက် ကြေးအိုးဆွဲလာခဲ့တယ်၊ ပူပူလေးစားရအောင် … ”

သူထမင်းစားခန်းထဲသို့ ဝင်လာခဲ့သည်။ မေမေက သူ့လက်ထဲက ကြေးအိုးထုပ်ကိုလှမ်းယူပြီး ကိုင်တိုင်ပြင်တင်နေရင်းမှ အမှတ်တမဲ့ဟန်ကလေးဖြင့် …

“သားသိတယ်မှလား … သားရဲ့အဖေက သိပ်ကို အောင်မြင်ကျော်ကြားတဲ့ အဆိုတော်တစ်ယောက် ဖြစ်ချင်ခဲ့တာလေ၊ သူမဖြစ်ခဲ့တဲ့ဘဝကို သူ့သားသာဖြစ်ခဲ့ရင် သူဘယ်လိုနေမယ်မသိဘူး …”

“ကျွန်တော်နဲ့မေမေ့ကို ကျွန်တော်ဘာမှမသိတတ်သေးတဲ့ လူမမယ်အရွယ်ကလေးမှာ သွေးအေးအေးနဲ့ ရက်ရက်စက်စက်စွန့်ပစ်သွားတဲ့ အဖေဆိုတဲ့လူကို ကျွန်တော်ရဲ့ နိမ့်ကျဆင်းရဲနေတဲ့၊ မအောင်မြင်တဲ့ဘဝနဲ့ မတွေ့ဆုံချင်သေးဘူးမေမေ၊ လူတိုင်းက မော့ကြည့်အားကျရလောက်တဲ့ အောင်မြင်မှုမျိုးနဲ့မှ ကျွန်တော်အဖေနဲ့ပြန်ဆုံချင်တာပါ …၊ ကျွန်တော်နဲ့မေမေ့ကို အဖေဘာလို့ပစ်သွားခဲ့သလဲ ဆိုတဲ့မေးခွန်းကို ကျွန်တော်အဖေ့မျက်နှာကို ရဲရဲရင်ဆိုင်ကြည့်ပြီး မေးချင်ခဲ့ဖူးတယ်၊ သူစွန့်ပစ်ခဲ့တဲ့သားဟာ သူသိပ်လိုချင်မက်မော ရူးသွပ်ခဲ့ဖူးတဲ့ ဘဝတစ်ခုမှာ အောင်မြင်ထင်ရှားနေပြီဆိုရင် အဖေဘယ်လိုနေမလဲ … အဲဒါကို ကျွန်တော်လည်း သိချင်တယ်မေမေ၊ ကျွန်တော်အဖေ့ရဲ့မျက်လုံးတွေထဲ စူးစူးရှရှကြီး ထွင်းဖောက်စိုက်ကြည့်ပြီး ပြုံးပြချင်တယ် …၊ အဲဒါ ကျွန်တော့်ရဲ့ လက်စားချေလိုမှုပဲ … ”

သူ့အသံဆီမှ နာကျင်စူးရှမှုတွေကို ခံစားမိသည့်အလား မေမေက သူ့ခေါင်းကိုဆွဲယူကာ ရင်ခွင်ထဲမှာခပ်ဖွဖွလေး ထွေးဖက်ထားလိုက်သည်။

မေမေထိုသို့လုပ်တိုင်း ... သူ့ရင်မှာ အရာရာ နွေးထွေးလုံခြုံသွားမိသော ခံစားချက်နွေးနွေးတစ်ဝက်၊ မေမေ့အပေါ်အတိုင်းအဆမဲ့ စာနာကြင်နာသနားမိသော ... စူးစူးနစ်နစ် နာကျင်ခံစားမိသော ပြင်းရှရှဝေဒနာက တစ်ဝက်ဖြင့် သူပင့်သက်ရှိုက်မိတတ်စမြဲ။ အဖေစွန့်ပစ်ကျောခိုင်းခဲ့သော သူ့ကိုအမေတစ်ယောက်တည်း လောကဓံကိုကြံ့ကြံ့ခံစွာ ခက်ခဲပင်ပန်းစွာ ရုန်းကန်ရှာဖွေပြုစုကျွေးမွေး မြေတောင်မြှောက်ပေးခဲ့ခြင်း ဖြစ်သည်။ ဒီလောကမှာ မေမေသည် သူ့ရဲ့ဘဝတစ်ခုလုံးဆိုရင်လည်း မမှားပါ။

"သားရယ် ... သူဘာပဲလုပ်ခဲ့လုပ်ခဲ့ ... သူဘာပဲဖြစ်နေဖြစ်နေ ... အဖေဟာအဖေပဲ၊ အာဃာတတွေသိပ်မထားပါနဲ့၊ ငါ့သားလေးစိတ်ပင်ပန်းလှတယ်၊ အာဃာတတွေ၊ ဒေါသတွေ၊ အမုန်းတရား၊ အငြိုးအမျက်တွေဆိုတာ သူတစ်ပါးအတွက်ရည်ရွယ်တာဆိုပေမယ့် တကယ်တမ်း လောင်ကျွမ်းအကျဉ်းကျခံနေရတာ က ကိုယ်ကိုယ်တိုင်ပါသားရယ်"

အဲဒီ စကားက မေမေ့သူ့ကိုအမြဲနှစ်သိမ့် ချော့မော့ဖျောင်းဖျနေကျစကားမို့ သူတောင် အလွတ်ရနေပါပြီ။ သူ့အဖေက အဲ့ဒီအချိန်တုန်းက လျှမ်းလျှမ်းတောက်အောင်မြင်နေတဲ့ အဆိုတော်"ငွေရတီ"ကို ခိုးပြေးသွားခဲ့ခြင်းဖြစ်သည်။ သေသေချာချာ စဉ်းစားကြည့်မိလျှင် ... အဲဒီ အချိန်တုန်းက မေမေဘယ်လောက်များ နာကြည်းရှက်ရွံ့နေခဲ့ရှာမလဲ ...။ အားငယ် ဝမ်းနည်းခဲ့ရှာမလဲ ...။ လူ့လောကအလယ်မှာ အားကိုးခိုလှုံဝင်စရာ မိဘရယ်လို့လည်းမရှိ တော့တာမဟုတ်။ တစ်ယောက်ထဲမှ မေမေတစ်ယောက်တည်းရယ်ပါ။ လောကဓံကိုကြံ့ကြံ့ခံရင်း သားလူမမယ်ကလေးကို ပင်ပန်းခက်ခဲစွာရုန်းကန်ရင်း ကျွေးမွေးပြုစု မြေတောင်မြှောက်ပေးခဲ့သော မေမေပါ။ အသက်အရွယ်အားဖြင့်လည်း ငယ်ငယ်ရွယ်ရွယ်လေး၊ ရုပ်ရည်ကလေးကလည်း သနားကမား ချောချောလှလှလေးမို့ ... အမေခေါင်းတစ်ချက်ညိတ်ရင် ရက်ရက်ရောရာ

အားကိုးခံယူမည့်ပခုံးတွေမှ တပုံတပင်မကရှိခဲ့သော်လည်း
အမေထောက်ထားငဲ့ညှာခဲ့သည်မှာ သူ့မျက်နှာတစ်ခုတည်း ...။
သူ့ကလေးဘဝတလျှောက်လုံး ဖခင်စွန့်ပစ်သွားတဲ့သား ... ဆိုသော
ဂုဏ်ပုဒ်အောက်မှာ သိမ်ငယ်နာကျင်ရှက်ရွံ့စွာ ကြီးပြင်းရှင်သန်
လူလားမြောက်ခဲ့ရသည်။ မသိတတ်ခင်တုန်းကတော့ သိချင်စိတ်ကလေးနဲ့
အမေ့ကိုအလိုက်မသိ မေးခွန်းထုတ်ခဲ့ဖူးသည်။...။

"အမေ ... အဖေကသားတို့ကို ဘာလို့ပစ်သွားတာလဲဟင်"

"သူက အောင်မြင်ထင်ရှားတဲ့ အဆိုတော်တစ်ယောက်
သိပ်ဖြစ်ချင်တာကိုးသားရဲ့၊ အဲဒီ တော့ နာမည်ကြီးအဆိုတော်မကို
ယူလိုက်တာဘာဆန်းလဲ၊ အမေကတော့ သူ့ဘဝကို အောင်မြင်ကျော်ကြားအောင်မှ
လုပ်မပေးနိုင်တာ"

ဟု အမေပြောခဲ့ဖူးတာကို သူ့နှလုံးသားထဲစွဲနစ်နေအောင်
မှတ်ထားခဲ့သည်မှာ ယခုအချိန်ထိပါပဲ ...။ အဖေ့ကို
ဘယ်လောက်ငြိုးမျက်နာကျည်းနေခဲ့သော်ငြား ... သူ့ သွေးကြောထဲမှာ
လှည့်ပတ်စီးဆင်းနေခဲ့သော အဖေ့ရဲ့ဗီဇသွေးကိုတော့ သူဘယ်လိုမှဖောက်ထုတ်
မပစ်နိုင်ခဲ့ ...။ သူသည် ဂီတသမားတစ်ယောက်အဖြစ်ကို အသွေးအသားထဲကနေ
ဆာလောင်မွတ်သိပ်စွာ စွဲလမ်းရူးသွပ်ခဲ့သည်။ သီချင်းတွေကို နှလုံးသားရဲ့
ဟိုးအနက်ရှိုင်းဆုံး နေရာထဲကနေ မက်မက်မောမော မြတ်နိုးငြိတွယ်သည်။
သူ့ဘဝမှာ ... အမေရယ်၊ ဂီတတစ်လက်ရယ်၊ သီချင်းတွေရယ်သာရှိခဲ့ရင်
ပြီးပြည့်စုံသော အဓိပ္ပါယ်ဖြစ်ပြီ။ အဖေ့လိုပဲ ဂီတဖြင့်အောင်မြင်ကျော်ကြားသော
သီချင်းသည်တစ်ယောက်ဖြစ်ချင်လွန်းတာ မှန်ပေမယ့်
အဖေနှင့်အဆန့်ကျင်အခြားနားဆုံးအချက်ကတော့ ...
"ကိုယ်အောင်မြင်ကျော်ကြားဖို့အတွက် သူတစ်ပါးရဲ့ အောင်မြင်မှုအရှိန်အဝါကို
ဘယ်တော့မှအသုံးမချဘူး" ဆိုသော သူ့ရဲ့ခံယူချက် ... (သစ္စာတရား)ပဲဖြစ်သည်။

* *

အခုအချိန်မှာ-

သူကဘာမှ မဟုတ်သေးသော ...

သာမန်သာမညောင်ည လူငယ်ကလေးတစ်ဦး ...

“အောင်မြင်မှု”ဆိုတာကို မက်မက်မောမော၊

အာသာငမ်းငမ်း ဆာလောင်ပြင်းပြငတ်မွတ်နေမိသော ...

ဟိုးအမြင့်ကြီးက သူမကို

လေးစားအားကျအထင်ကြီးမှုတွေရယ်၊

နှစ်သက်မြတ်နိုးစွဲလန်းမှုတွေရယ်နှင့်

မော့ကြည့်ငေးမောရင်ခုန်နေရသော

သာမန်ငတိကလေးတစ်ယောက်ပါပဲ။

* *